# မာတိကာ


၁။ ကံ ဉာဏ် ဝီရိယ ပြည့်စုံမှ ၅
၂။ ဗောဓိရှင်ခုနစ်ပါး ၃၇
၃။ ပုဏ္ဏားငါးယောက် ၆၂
၄။ ဆင်သေစီးလိုက်တဲ့ကျီးမိုက် ၈၈
၅။ သံဃာ့ဂုဏ်ရည် ၁၀၂
၆။ စက်လေးပါး ၁၂၅
၇။ ရွှေဟသာမင်း ၁၄၉
၈။ မဟာသုတသောမပေါရိသာဒ ၁၇၆
၉။ ကိုယ့်ကိုယ်ကိုယ်ချစ်လျှင်ကိုယ်ပြုပြင် ၂၄၃
၁၀။ နိဗ္ဗာန် ၂၈၁
၁၁။ အသိဉာဏ်တိုးပွားရေး ၂၉၉
၁၂။ ဆွမ်းအနုမောဒနာ ၃၅၄
၁၃။ ဆွမ်းအကျိုးငါးပါး ၃၇၂
၁၄။ သူတော်ကောင်းလက္ခဏာ ၃၈၅
၁၅။ ကမ္မသတ္တိ ၄၁၉
၁၆။ ရွှဲကုန်သည် ၄၃၉
၁၇။ ဗုဒ္ဓအလိုကျပွဲကုန်းသိမ်ကျောင်းရေစက်ချ ၄၇၃
၁၈။ မရဏာဿတိနှင့်မေတ္တာ ၄၉၃
၁၉။ တရားအားထုတ်ကြ ၅၁၄
၂၀။ မီးဆယ့်တစ်ဖြာငြိမ်းရာ ၅၂၁
၂၁။ အနာဂတ်သာသနာပြုပြင်ရေးသြဝါဒ ၅၄၀
၂၂။ သာသနာတော်အဓွန့်ရှည်စွာတည်စေကြောင်း ၅၉၈


ကံ ဉာဏ် ဝီရိယကို အရေးပေးပြီး ဟောတော်မူတဲ့ ဗုဒ္ဓမြတ်စွာရဲ့ သာသနာတော်ကြီးကို ကြည်ညိုတဲ့ ဗုဒ္ဓဘာသာဝင်တွေက ဉာဏ်၊ ဝီရိယကို ဖယ်ထားပြီးတော့ ကံ တစ်မျိုးတည်းသာ ကြိုးစားနေကြလို့ ရှိရင် သာသနာရော ဘာသာရော တိုင်းပြည်ရော အောက်တန်းကျ သထက် ကျမှာပဲ။

*(ကံ ဉာဏ် ဝီရိယ ပြည့်စုံမှ တရားတော်)*

သူများ အလှူပေးတဲ့အခါ ဒီလိုပဲ ပေးနေကြတာပဲ။ ဂုဏ်ပကာသနတွေ ဘာတွေနဲ့၊ အဲဒီလို ငါလည်း နည်းနည်းပါးပါးတော့ ဂုဏ်ပကာသနနဲ့ ပေးမှာပေါ့။ အဲဒီလို လုပ်လိုက်တာ သိပ်ညံ့တဲ့ လက္ခဏာပဲ။ အမြော် အမြင် နည်းတဲ့ လက္ခဏာပဲ။

*(ပုဏ္ဏားငါးယောက် တရားတော်)*

သာသနာတော်ကြီးကို ဒီပြင် ပုဂ္ဂိုလ်တွေ မဆောင်နိုင်ဘူး။ စာချ ဘုန်းကြီးတွေသာ သာသနာတော်ကို အဆက်မပြတ်အောင် ဆောင်နိုင် တယ်။ စာသင်သားထဲက စာချဘုန်းကြီး ဖြစ်မယ့်ပုဂ္ဂိုလ်တွေ အဆက် မပြတ်အောင် ဆောင်နိုင်ဖို့ ရန် ကိုယ်တိုင် ကြိုးစားကြပါ။

*(သံဃာ့ဂုဏ်ရည် တရားတော်)*

နိုင်ငံခြားက အဆင့်အတန်း မြင့်တယ်။ ပဋိရူပဒေသလို့ ဆိုရလိမ့်မယ်။ ကုသိုလ်ရေးရာနဲ့ ပြောလို့ရှိရင် မြန်မာနိုင်ငံကို မမီဘူး၊ ဘုန်းကြီးက လည်း ဒီစိတ်မျိုးနဲ့ ကိုယ့်မြန်မာနိုင်ငံကို မြှင့်တင်နေတာ၊ မြန်မာနိုင်ငံက ကုသိုလ်ရေးရာနဲ့ အင်မတန်ကောင်းတယ်၊ ပဋိရူပဒေသ ဖြစ်တယ်။

*(စက်လေးပါး တရားတော်)*

ကိုယ့်ကိုယ်ကိုယ် ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ ဖြစ်အောင်နေ ပြီးတော့ တရားသဖြင့် စီးပွားရှာစမ်းပါ။ မတရား စီးပွားရှာလို့ရှိရင် ကိုယ်နစ်နာလိမ့်မယ်၊ အဲဒီလို စိတ်ထဲမှာ စွဲပြီးတော့ ငါ့ကိုယ်ငါ ကောင်း အောင်နေမယ်၊ ငါ့ကိုယ်ငါ သူတော်ကောင်း ဖြစ်အောင် နေမယ်။

*(ကိုယ့်ကိုယ်ကိုယ်ချစ်လျှင် ကိုယ်ပြုပြင် တရားတော်)*